# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၀၃)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၁၂-၃-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင် မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာ ဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်

စာမျက်နှာ ၄ သို့ ❍

### လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာ ကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါ သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး နေ့စဉ်

## သစ်မျိုးစုံဥယျာဉ် ပညာပေးပြခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

သစ်တောဦးစီးဌာနနှင့် အာရှနှင့် ပစိဖိတ်ဆိုင်ရာ သစ်တောများ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ကွန်ရက်အဖွဲ့ APFNetတို့ ပူးပေါင်း၍ မဲခေါင်ဒေသ(မြန်မာနိုင်ငံ)တွင် သစ်တောဂေဟစနစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်းနှင့် သရုပ်ပြခြင်း စီမံကိန်း၏ သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းကို နေပြည်တော်ရှိ သစ်တောသုတေသနဌာန၊ ရေဆင်း၌ ဖွင့်လှစ်ထားသည်။

သစ်မျိုးစုံဥယျာဉ်အား သစ်တောသစ်ပင် ဂေဟစနစ်နှင့် မျိုးရိုးဗီဇထိန်းသိမ်းရန်၊ သုတေသနစမ်းသပ်ခြင်းများ ပြုလုပ်ရန်၊ ပြည်သူလူထုအပန်းဖြေအနားယူရန်နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းကာလအတွင်း သစ်မျိုးစုံဥယျာဉ်အပြင် ရှမ်းပြည်နယ်၊ ပင်လောင်းဒေသ ဘက်ပေါင်းစုံ ရေဝေရေလဲ စီမံအုပ်ချုပ်မှုကိုလည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိခဲ့ပြီး စီမံကိန်းဧရိယာများတွင် သစ်ပင်နှင့် ဝါးများ၊ သီးပင်စားပင်များ ရောနှောစိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ဖော်တည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ရိုးရာရွှေ့ပြောင်းတောင်ယာအစား ကုန်းမြင့်လယ်ယာနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းများကို သင်တန်းပို့ချမှုများ၊ လက်တွေ့တည်ထောင်မှုများဖြင့် ဆောင်ရွက်ခဲ့သဖြင့် သစ်တောပြုန်းတီးမှု လျော့နည်းသက်သာစေပြီး သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုသည့်အပြင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးကိုလည်း များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်နှင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးသွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်သူများအားလုံးက ကြိုးပမ်းသွားရမှာဖြစ်ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မတ် ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာန၊ ရေဆင်း၌ ကျင်းပသည့် သစ်တောသုတေသနဌာန၊ ရေဆင်းရှိ သစ်မျိုးစုံဥယျာဉ် ပညာပေးပြခန်း ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

APFNetအတွင်းရေးမှူးရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းအတွင်း သစ်မျိုးစုံဥယျာဉ်ပုံစံငယ်၊ သစ်တောသစ်ပင်များ၏ သစ်မျိုးစေ့ပုံသဏ္ဌာန်များ၊ အရွက်သဏ္ဌာန်များ၊ သစ်မျိုးများ၏ အကာနှင့် အနှစ်သား ကွာခြားမှုပြကွက်များ၊ ရေဆင်းထိန်းခန်းအတွင်း အအေးပိုင်းဒေသ သစ်တောသစ်ပင်၊ အလှပင်၊ သစ်ခွနက်နှင့် ပင်ပျော့ပင် ၇၅ မျိုးအား ထိန်းသိမ်းထားရှိသည်။ သစ်မျိုးစုံဥယျာဉ်အတွင်း အပင်မျိုးရင်း ၄၀ မျိုး၊ မျိုးစိတ် ၁၃၁ မျိုးအား ဇုန် ၈ ဇုန်ဖြင့် ဇုန်အလိုက် မျိုးဆက်ပင်များပြုစုခြင်း၊ ဝါးပင်၊ သစ်တောသစ်ပင်၊ အလှပင်နှင့် အသီးပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ နေ့ဆွမ်းဆက်ကပ် နှစ်(၈၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု စာအုပ်များ လှူဒါန်း



**မန္တလေး မတ် ၁၁**

မြန်မာ့သံတော်ဆင့် သတင်းဌာန၊ ဓမ္မသံတော်ဆင့် စာပေ (၁၃)နှစ်မြောက် အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲက အောင်မြေသာစံမြို့နယ်၊ ၁၂ လမ်းရှိ အဆိုပါကျောင်းဆွမ်းစားဆောင်တွင် ကျင်းပရာ သင်ကြားစီမံဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၇၀ ကျော် ကြွရောက်ပြီး မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် မန္တလေးတိုင်းအသင်းအမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ မြန်မာ့သံတော်ဆင့်သတင်း ဂျာနယ်စာတည်းမှူးချုပ် ဦးကျော်စွာဝင်းနှင့် ဖိတ်ကြားထားသူများက သင်ကြားစီမံဆရာတော်ထံမှ သီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့သည်။

ဆက်လက်၍ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြု၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စာကြည့်တိုက်သို့ ဓမ္မသံတော်ဆင့် စာပေတိုက်ထုတ် သုတရသစာအုပ်များ လှူဒါန်းပွဲ ကျင်းပသည်။ အခမ်းအနားတွင် ဓမ္မသံတော်ဆင့် စာပေတိုက် စာတည်းမှူးချုပ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သုတရသစာအုပ်များ၊ YMBAအသင်းမှ ထုတ်ဝေသော မဟာဗုဒ္ဓဝင်နှင့် (၃၈)ဖြာမင်္ဂလာစာအုပ်များ လှူဒါန်းရာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ

## အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံလုပ်ငန်းများ ဒုတိယအကြိမ် အိတ်ဖွင့်လေလံရောင်းချခြင်း ကျင်းပ

**မန္တလေး မတ် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံလုပ်ငန်းများအား ဒုတိယအကြိမ် အိတ်ဖွင့်လေလံရောင်းချခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ လေလံကော်မတီအဖွဲ့ဝင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ အခွန်ဌာနဌာနမှူး ဦးစိုးမိုးသိမ်းနှင့် အဖွဲ့ဝင်များ၊ လေလံလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာလေလံကော်မတီအဖွဲ့ဝင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၂)က အဖွင့်အမှာစကားပြောကြားပြီး အခွန်ဌာန ဌာနမှူးက လေလံ စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်လေလံလုပ်ကိုင်ခွင့်လျှောက်ထားသူများမှ လေလံစည်းကမ်းချက်များနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံလုပ်ငန်းများအား ဒုတိယအကြိမ် အိတ်ဖွင့်လေလံရောင်းချရာ ယာဉ်ရပ်အပ်နှံခ ကောက်ခံခွင့်(၇)နေရာ၊ ရေချိုးရုံ အိမ်သာကောက်ခံခွင့်(၁၅)နေရာတို့ကို အိတ်ဖွင့်လေလံရောင်းချဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်

**အောင်လံ မတ် ၁၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ခြင်အန္တရာယ်နှင့် အခြားရောဂါများကင်းဝေးရေးအတွက် အခြေခံပညာကျောင်းများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ယမန်နေ့က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများက အောင်လံမြို့၊ သာသနာ့ဗိမာန်ဘုရားကြီး ပတ်ဝန်းကျင်နေရာများ၌ ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများက ဘုရားကြီးစောင်းတန်းအတွင်း၊ အပြင်ရှိ သစ်ရွက်ခြောက်များ၊ သစ်ပင်ချုံနွယ်များ၊ ပူပြင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန် အမှိုက်လှည်းခြင်းလုပ်ငန်းများကို အပတ်စဉ်အလေးထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအပေါ် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။





# ဒုတိယဝန်ကြီး ဦးလွင်ဦး IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် IFRC က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) ၏ လုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး ကူညီပံ့ပိုးမှုအခြေအနေများနှင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီ ပိုမိုပေးအပ်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ MRCS ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Nadia Khoury နှင့် IFRC နှင့် MRCS တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရွှေပြည်သာမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

ရွှေပြည်သာ မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိဒေါ်အေးအေးမိုးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ပန်းချီဆရာ ဦးချိုဝင်း(ချိုပန်းချီ-ပညာရေး)က ဆက်လက်ပို့ချရာ ကျောင်းသားကျောင်းသူ ၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကို ကိုးရက်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



○ ရှေ့ဖုံးမှ

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၁၈ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးနှစ်ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

## ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော်ကြီးထံသို့လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့်အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၅ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။



❍ စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးတို့ အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောဝိဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကေသဝထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဇနီးတို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသူရိယထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေး အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)

## ပြည်သူ့စာကြည့်တိုက်တွင် စာပေဝါသနာရှင်များ စာဖတ်ဝိုင်းပြုလုပ်

**ပုဗ္ဗသီရိ မတ် ၁၁**

စာအုပ်စာပေများဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသည့်အတွေးအမြင် ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်စာရေးဆရာများ၊ စာရေးဆရာမများနှင့် စာပေဝါသနာရှင်များက ဒေါက်တာကျော်စိန် ရေးသားထားသည့် "လူငယ်လမ်းညွှန်" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး စာအုပ်ပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် စာရေးဆရာများ၊ စာရေးဆရာမများဖြစ်ကြသည့် ဒေါ်ခင်ငြိမ်းအေး(မေချို-ပျဉ်းမနား)၊ ဦးစောမျိုးအောင်(အိုင်ပီမျိုးအောင်)၊ ဦးခင်မောင်ကျော်(ရဲမွန်ကျော်)၊ ဦးစိန်ဝင်းနွယ် (စိန်ဝင်းနွယ်-ဘာသာပြန်)၊ ဦးကျော်လွင်မြင့်(မှော်ဝန်း)၊ ဦးကျော်စိုး၊ အညာသားဗထူး(ကျားတက်မြေ)၊ အောင်ဆွေထက် (ချွေးမြို့တော်)၊ ဦးအောင်ဝေ(ညောင်ခြေထောက်)၊ မောင်ရည်ကျော်(ရှုပ)၊ ကာတွန်းအိမောင်၊ ဒေါ်ခင်နန်းဦးတို့က "လူငယ်လမ်းညွှန်" စာအုပ်တွင် ပါဝင်သည့် အကြောင်းအရာ အချက်အလက်များကို မိမိတို့၏သဘောထားအမြင်များ၊ သုံးသပ်ချက်များဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် စာဖတ်ပရိသတ်များ၏ သိရှိလိုသည်များအား မေးမြန်းမှုအပေါ် စာရေးဆရာ၊ စာရေးဆရာမများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



**အောင်ကို(ဖန်ခါးမြေ)**

> ✳ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိက အလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်သွားကြရမည်
>
> ✳ ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေ များတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထား

☆ စာမျက်နှာ ၂၄ မှ

ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင် ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် ၂၀၁၄ ခုနှစ်က ထုတ်ပြန် ထားသည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများကို အခြေခံပြီး ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံ အတွင်း အထူးစီးပွားရေးဇုန်များကို အကောင်အထည် ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်းမကြည့် ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွား ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ရှိအကောင် အထည်ဖော်ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွား ရေးဇုန်၊ အနာဂတ်တွင် အကောင်အထည်ပေါ်လာ မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး နိုင်ငံရေး နှင့် ယှဉ်တွဲ၍ နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစပ်ကာ ဆောင်ရွက်ကြရန် အဖွဲ့ဝင်များကို ပြောကြားလို ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက် (၃)ရပ် အနက် တိုးတက်ကောင်းမွန်လာ သည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိကအလေးပေး ဆောင်ရွက်နေသည့်ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန် များကလည်း အလေးထားဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွား ရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွား ရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်း များ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

မိမိ၏ အထူးစီးပွားရေးဇုန်များတွင် လာရောက် ရင်းနှီးမြှုပ်နှံမှု၌ မိမိတို့ ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ချက် ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် ပို့ကုန်တိုးမြှင့်နိုင်ရေးသည် အဓိကဖြစ်ကြောင်း၊ အထူး စီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံမှုများ စည်းရုံး ဖိတ်ခေါ်ရာတွင် နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ပို့ကုန် ပစ္စည်းထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုအား ဦးစားပေး ဖိတ်ခေါ်စေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် နှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်အပိုင်းတွင် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၄၆၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၂၈၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏကို ကြည့်မည်ဆိုပါက အမေရိကန် ဒေါ်လာ ၇၂၂ ဒသမ ၇၅ သန်းရှိခဲ့ကြောင်း၊ သို့သော် လည်း အိမ်နီးချင်းနိုင်ငံများရှိ အထူးစီးပွားရေးဇုန် များနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းနေသေးကြောင်း၊ သို့ဖြစ်၍ သီလဝါအထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇုန်၏အခြေ အနေ၊ ပတ်ဝန်းကျင်နိုင်ငံများရှိ အထူးစီးပွားရေးဇုန် များ၏ အခြေအနေများကို အမြဲတမ်းစိစစ်သုံးသပ်၍ မိမိအထူးစီးပွားရေးဇုန် ပိုမိုတိုးတက်လာအောင်၊ ပို့ကုန်နှင့်သွင်းကုန်များ၏ လိုငွေပြမှုကို အတတ် နိုင်ဆုံးနည်းပါးအောင် ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း။

အလားတူအနာဂတ်တွင်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်များကို ဦးစားပေး ထုတ်လုပ်မည့်လုပ်ငန်းရှင်များကို ရွေးချယ်ဖိတ်ခေါ် ရန်လိုကြောင်း၊ လက်ရှိသီလဝါအထူးစီးပွားရေးဇုန် တွင် တင်သွင်းမှုနှင့်တင်ပို့မှုကို ကြည့်မည်ဆိုပါက တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများတွင် အများဆုံး လယ်ယာသုံးစက်ပစ္စည်းများ၊ အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းများ၊ ကားကုန် ကြမ်းအပိုပစ္စည်းများ၊ စည်သွတ်ဘူးထုတ်လုပ်ရန် ကုန်ကြမ်းများဖြစ်ကြောင်း၊ အလားတူ ပို့ကုန်များ တွင် အများဆုံးသည် အဝတ်အထည်များ၊ ခွဲခန်း သုံးလက်အိတ်များ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဆေးဝါးများနှင့် Speaker များဖြစ်ကြောင်း၊ တင်ပို့ သည့်အပိုင်းတွင် ယခုထက် ပိုမိုတင်ပို့နိုင်အောင် စည်းရုံးတိုက်တွန်းရမည်ဖြစ်ပြီး သွင်းကုန်အပိုင်းတွင် လည်း တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင် မိမိ တို့၏ MSME လုပ်ငန်းက မည်မျှသွင်းကုန်အစားထိုး ပေးနိုင်မည်ကို တစ်ဖက်ကလည်း MSME လုပ်ငန်း များနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပ သွင်းကုန်အစားထိုး ပြည်တွင်း MSME များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျအောင်၊ ပြည်ပပို့ကုန်မြှင့်တင်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိ MSME လုပ်ငန်း မှ သွင်းကုန်အစားထိုးမည့် ကုန်ပစ္စည်းများ ပေးသွင်း ရာတွင် ပစ္စည်းအရည်အသွေး အဆင့်အတန်း မြင့်မား ရန်လည်း လိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန် (Free Zone)နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်(Promotion Zone) ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းလွတ်ဇုန်(Free Zone)ရှိ လုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲများ မရှိသော် လည်း လုပ်ငန်းမြှင့်တင်ရေးဇုန် (Promotion Zone) တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အခြေအနေ များအရ နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲအချို့ရှိ နေကြောင်း၊ ယင်းအခက်အခဲအချို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက အတတ်နိုင်ဆုံး ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျရန်အတွက် သွင်းကုန် ကုန်ကြမ်းများစွာ သက်သာစေမည့် MSME ထုတ်ကုန် လုပ်ငန်းများမှ သွင်းကုန်များများအစားထိုးနိုင်ရန် ဝိုင်းဝန်းအကြံပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME ထုတ်ကုန်လုပ်ငန်းများကို ချိတ်ဆက် ပေးပြီး အစားထိုးမှုရရှိသည့် ဝင်ငွေပိုင်းကို ကြည့်မည် ဆိုပါက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅၉၆ သန်းနှင့် မြန်မာကျပ်ငွေ ၅၁ ဘီလီယံ ကျော်ရရှိခဲ့ကြောင်း၊ ယင်းအပေါ် ကျေနပ်မနေဘဲ MSME နှင့်ပတ်သက်၍ တာဝန်ယူထားသည့် Agency အဖွဲ့များ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး များမှ တာဝန်ရှိသူများအနေဖြင့် ယခုထက်ပိုမို၍ နိုင်ငံတော်အကြီးအကဲ ချမှတ်ထားသည့် မူဝါဒနှင့် အညီ မိမိတို့၏ MSME ထုတ်ကုန်များကို အထူးစီးပွား ရေးဇုန်များ၏ သွင်းကုန်အစားထိုးမှုအပိုင်းတွင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက် ပေးကြရန် ပြောကြားလိုကြောင်း၊ အခွန်ကောက်ခံမှု နှင့် စပ်လျဉ်း၍ အခွန်ရရှိသည့်ငွေမှာ ကျပ် ၉၃၅ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၉ ဘီလီယံ ကျော်၊ ကြိုတင်ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံ နှင့် ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၆၈ ဘီလီယံရှိသည်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း စာရင်းများအရ သိရှိရကြောင်း၊ One Stop Service ဆောင်ရွက်နေ သည့် အဖွဲ့များသည် မိမိနိုင်ငံ၏ အကျိုးစီးပွား၊ မိမိ၏ အခွန်ဘဏ္ဍာ အပြည့်အဝကောက်ခံရရှိမှု၊ ကုမ္ပဏီများ ၏ မသမာမှုများမဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု အပေါ်မူတည်၍ ရရှိသည့်အခွန်အခဝင်ငွေများ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ကြရန် ပြောကြား လိုကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ချမှတ် ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင် သကဲ့သို့ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ် ကြောင်း၊ နိုင်ငံ၏ စီးပွားရေးကိုလည်း များစွာ အထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၏ အဓိက လိုအပ်ချက်သည် လျှပ်စစ်စွမ်းအားပြည့်ဝရရှိရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန် တွင် မိမိအစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် Solar Plant များဆောင်ရွက်ရန် အကြံပြုခဲ့ရာ မူလအစ စတင် ဆောင်ရွက်စဉ် ကီလိုဝပ် ရာဂဏန်းမျှသာရှိသော် လည်း အကျိုးဖြစ်ထွန်းသည့်အတွက် လိုက်ပါ ဆောင်ရွက်ခဲ့ကြရာ ယနေ့စာရင်းဇယားများအရ တပ်ဆင်ပြီးပါက ထုတ်လုပ်မှုစွမ်းအား ၁၆ မဂ္ဂါဝပ် ကျော်နီးပါး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ တပ်မတော်တွင်လည်း ၂၀ မဂ္ဂါဝပ် Solar Plant အား တပ်ဆင်အသုံးပြုခဲ့ရာ အရင်းကျေကာလမှာ သုံးနှစ်ခွဲ ဖြစ်၍ မကြာမီ အရင်းကျေကာလရောက်ရှိတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် တွက်ခြေကိုက်သည့်အပြင် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများအား နိုင်ငံတော်သို့ ပြန်လည်ရောင်းချနိုင်သည့်အတွက် သက်ဆိုင်ရာ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြားတိုက်တွန်းဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ နောင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်များတွင်လည်း တစ်ပိုင်တစ်နိုင် Solar Plant များ ဆောင်ရွက်နိုင်ရေး ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ကိုဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် နေပြည်တော်တွင် စီမံကိန်းကုမ္ပဏီနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို သက် တမ်းတိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်တမ်းတိုးမြှင့် ထားသည့်ကာလသည် ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြည့်မြောက်မည်ဖြစ်သည့်အတွက် သတ်မှတ်ကာလ မတိုင်မီ နှစ်လအလိုတွင် နှစ်ဦးနှစ်ဖက် လုပ်ငန်းများ ပြီးပြတ်အောင် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ် ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီက ဆက်လက် ဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်သည့် ကော်မတီ များကလည်း လုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ကန့်သတ်ချက်များကြားမှ ဝိုင်းဝန်းဆောင်ရွက်ပေး ကြရန်လိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ပထဝီ နိုင်ငံရေးအရ စီးပွားရေးနှင့် နိုင်ငံရေးအရ အရေးပါ သည့်အပြင် နိုင်ငံအတွက် အရေးကြီးပြီး ဒေသခံများ နှင့် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင် သည့်အတွက် အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေနက် ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင် ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်း ဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပြီး Belt and Road စီမံကိန်းအတွက် နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင် စေနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုပါက ထားဝယ် အထူးစီးပွားရေးဇုန်အနေဖြင့် SPV (Special Purpose Vehicle) ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာ- ထိုင်း-ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆွေးနွေးပြီး ပီပြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှင့် ဘယ်လာရုစ်နိုင်ငံများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ အခွင့်အလမ်းများ များစွာဖော်ဆောင်နိုင် ခဲ့သည့်အတွက် မကြာမီတွင် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအချိန်ကပင် လိုအပ်သည့် ကြိုတင် ပြင်ဆင်မှုများနှင့် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ စိတ်ချမ်းသာစွာဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားကြရန်လိုကြောင်း။

စာမျက်နှာ ၈ သို့ ✪



## အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ပထမနေ့တွင် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် မတ် ၁၁

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပထမနေ့တွင် သာသနာ့နွယ်ဝင်သီလရှင် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ ကျင်းပသည်။

မေတ္တာပို့အမျှပေးဝေ

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ဝိပဿနာတရားများ ပွားများ အားထုတ်လျက်ရှိကြသည့် သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး/ဆရာလေးများက ကျောင်းတိုက်များအလိုက် စနစ်တကျစီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် အလှူခံကြွရောက်လာကြသည့် ဆရာကြီး/ဆရာလေးများက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀၀၊ ဆီပိဿာ ၂၀၀၀၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀ နှင့် လှူဖွယ်ပစ္စည်းများကို စစ်ကိုင်းတောင်ရိုးရှိ သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး/ဆရာလေးများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

စာမျက်နှာ ၇ မှ

ထိုသို့ ဆောင်ရွက်ရာတွင် အီတာလျံ-ထိုင်း ဆောင်ရွက်သည့် ကိစ္စများ ပြီးမြောက်သွားသော်လည်း ဥပဒေကြောင်းအရ ဆက်လက် ရှင်းလင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာ ဥပဒေပညာရှင်များဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လာရောက် ရင်းနှီးမြှုပ်နှံသူ အပါအဝင် သုံးဦးသုံးဖလှယ် Win- Win Situation ဖြစ်ရန် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဆက်လက်၍ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် အစည်းအဝေးဖြစ်သည့်အတွက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပေးရန်၊ အထူးစီးပွားရေးဇုန်အလိုက် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့လာမည့် ကာလများတွင် ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီများက တင်ပြပေးရန်နှင့် ဇုန်အလိုက် အနာဂတ်အတွက် ကြိုတင် ပြင်ဆင်မှုများ၊ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားမှသာ အချိန်မရွေးလာရောက်ရင်းနှီး မြှုပ်နှံသူများနှင့် လုပ်ငန်းများ အခက်အခဲမရှိ ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များကလည်း အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်များ၊ နိုင်ငံတော် ဝန်ကြီးချုပ် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး(၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာအထူးစီးပွားရေးဇုန်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

---

## တစ်နိုင်ငံလုံး ပီတိဖုံး

☆ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ဘယ်လာရုစ်
ချစ်ကြည်မှု ဖော်ညွှန်းကာ၊
☆ နှုတ်ခွန်းချိုချိုနဲ့
ကြိုဆိုကာ ရှင်ကြည်လန်းလို့
ဝမ်းပန်းတသာ၊
☆ အရေးထားတာမို့
တလေးတစား ဆက်ဆံကာ
ထက်သန်စွာ ဆွေးနွေး။
☆ အဆွေခေါင်းဆောင်တို့
အရှည်ကောင်းအောင် ဗျူဟာခင်း
ပွင့်လင်းတယ်လေး။
☆ ခိုင်သန်အတွေးရယ်နဲ့
နိုင်ငံရေး စစ်ရေး
လူမှုရေး စီးပွားရေး
ဖွံ့ဖြိုးရေး အထွေထွေ၊
☆ ခရီးတွင်ပါပေ့
နည်းပညာ လက်ဆင့်ကမ်းလို့
လမ်းပြမျှဝေ၊
☆ အဟောဝတပါပဲ
သဘောကျ အချက်အလက်တွေ
ကျက်သရေရှိ ဝင့်မြူး။
☆ မင်္ဂလာ ရွှေခရီးမှာလ
ရွှေအသီး ရွှေအနှံနဲ့
ရွှေတွေလျှံ ရွှေရောင်လွှမ်းတယ်
ရွှေလမ်းဖြောင့်ဖြူး။
☆ ရွှေလမ်းဖောက်ပါလို့
ရွှေလမ်းလျှောက် ပြန်အလာ၊
တို့နိုင်ငံ ခေါင်းဆောင်ကြီးရဲ့
ခရီးက သာ၊
သောင်းသောင်းဖြ ကြိုဆိုကာ
ဘေးဝဲယာ တစ်လျှောက်လုံး။
ထောမနာလျှံ
ဩဘာသံ ဘဝဂ်ထိ
ပီတိတွေဖုံး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး မတ် ၁၁**

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန် ပွဲတော်ကျင်းပရေးကော်မတီများမှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန် ပွဲတော်ကို ပြည်သူအားလုံး အေးချမ်းပျော်ရွှင်ကြည်နူးစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် အတည်ပြုသတ်မှတ်ခံရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာပွဲတော်တစ်ခုဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဆိုသည့်အတိုင်း ယဉ်ကျေးမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ အားလုံးတက်ညီလက်ညီကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ ကော်မတီနှင့် လုပ်ငန်းကော်မတီများအလိုက် လစ်ဟင်းမှုမရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## ရတနာပုံတက္ကသိုလ်၌ အရည်အသွေးအာမခံမှုစနစ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မတ် ၁၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး (အဆင့်မြင့်ပညာကဏ္ဍ)အတွက် ဆောင်ရွက်ရန် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် Quality Assurance စနစ်ကို ပညာရေးဥပဒေများနှင့်အညီ ကျင့်သုံးနိုင်ရန်၊ အာဆီယံ တက္ကသိုလ်များအဆင့် အရည်အသွေးအာမခံမှုစနစ် တည်ထောင်နိုင်ရန်နှင့် အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အရည်အသွေးအာမခံမှုစနစ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အမှာစကားပြောကြားရာတွင် အရည်အသွေးအာမခံမှု စနစ်ထူထောင်ရန်နှင့် အရည်အသွေးအသိအမှတ်ပြုရယူရန် လိုအပ်ပါကြောင်း၊ အရည်အသွေးအာမခံမှုစနစ်ထူထောင်ရန်အတွက် တက္ကသိုလ်အဆင့်တွင် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီက ပြဋ္ဌာန်းမည့် စံသတ်မှတ်မှုနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်ရှိ စိန်ရတုခန်းမတွင် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ကြီးမှူးကျင်းပပြုလုပ်ခဲ့သည့် တက္ကသိုလ်များ၊ ကျောင်းများ၏ အရည်အသွေးအာမခံမှုနှင့် ပညာရေးဝန်ဆောင်မှု အားကောင်းလာစေရန်၊ အရည်အသွေးအာမခံမှု ပြင်ပစစ်ဆေးအကဲဖြတ်မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် 1st Engagement Forum အကြောင်းအရာများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာ ဘာသာရပ်ဌာနများမှ တက်ရောက်လာကြသူများသည် Programme Commitment Plan (Specdific) ဆိုင်ရာ အချက်အလက်များနှင့် ရလဒ်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၈၂)**

## ရွှေစာရံဘုရားပွဲတော် ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်

**ပုသိမ်ကြီး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ (၇၇)ကြိမ်မြောက် သစ္စာမိဋ္ဌာန် ရွှေစာရံဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အစမ်းလေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်းကို မတ် ၁၀ ရက် နံနက် ၇ နာရီက စတင်ကာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြသည်။

ဦးစွာ ရွှေစာရံ ဘုရားပွဲတော်ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးတင်မောင်ဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂေါပကဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ပွဲတော်ကြီးသည် အထက်မြန်မာပြည်၏ အထင်ကရပွဲတော်တစ်ခုဖြစ်ပြီး၊ ရှေးသမိုင်းဝင် မိဖုရား ရှမ်းမင်းသမီး အစ်မတော် စောမွန်လှ တည်ထားခဲ့သော ရွှေစာရံဘုရားဖြစ်ပြီး၊ ယခုနှစ်တွင် တပေါင်းလဆန်း ၁ ရက်နေ့မှ စတင်ကာ အထူးစည်ကားလျက်ရှိပြီး ရှမ်းပြည်နယ်ထွက် ဆေးဖက်ဝင်ပစ္စည်းများ၊ ဒေသစားသောက်ကုန်များ၊ မြန်မာမုန့်အမျိုးမျိုး၊ အမှတ်တရပစ္စည်းများအပြင် အပန်းဖြေလည်ပတ်စရာနေရာများ ရှိသောကြောင့် မန္တလေးမြို့သူ၊ မြို့သားများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ကြ၍ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**(ဝ၉၅)**

## နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်း (အခမဲ့) ဖွင့်လှစ်

**ပျော်ဘွယ် မတ် ၁၁**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်း (အခမဲ့)ကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ် Community Centre ခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက မိမိတို့ဌာနတွင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသလို လူငယ်လူရွယ်များအတွက်လည်း တတ်မြောက်ထားသင့်သည့် အကြောင်းအရာများကို ရွေးချယ်ကာ သင်တန်းများ ဖွင့်လှစ်ပေးနေမှုအခြေအနေများ၊ ယနေ့အချိန်တွင် နွေရာသီကာလသည် အားလပ်ရက်ဖြစ်သောကြောင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းကို ဆက်လက်ပို့ချသည်။

နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို နည်းပြဆရာအဖြစ် ပြင်ပမှ ပညာရှင်တစ်ဦးက သင်ကြားပို့ချလျက်ရှိကြောင်း၊ အဆိုပါ သင်တန်းကို ၁၀ ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး မတ် ၁၁**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ( World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထားဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်နှင့် စိတ်ကျေနပ်မှုရရှိစေရေးအတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများအား ဖြေရှင်းဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးနေပါကြောင်း၊ စားသုံးသူအခွင့်အရေးများကို သိရှိမှသာ ရပိုင်ခွင့်များကို သိရှိတောင်းဆိုနိုင်မည်ဖြစ်ရာ ယခုထက် ပိုမိုကျယ်ပြန့်စွာ သိရှိလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ၍ စားသုံးသူများအပေါ် စေတနာထားကာ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စားသုံးသူ အသိပညာပေးခြင်း၊ စားသုံးထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် လိုအပ်သည့် အရေးယူဆောင်ရွက်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးက စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးမှ ဝန်ထမ်းများ၏ "စောင့်ရှောက်ပိုင်းကူ စားသုံးသူ" တေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်မှု၊ စားသုံးသူကာကွယ်ရေး ဆိုင်ရာအသိပညာပေး Video Clip ပြသမှုများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုပြီးတက် ရောက်လာသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ဆောင်ပုဒ်မှာ "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဖြစ်ကြောင်း၊ ဉာဏ်စမ်းပဟေဠိဖြေဆိုသူများမှ အဖြေအများဆုံးမှန်သူ (၃)ဦးနှင့် နှစ်သိမ့်ဆုရှိသူ(၇)ဦးတို့အား တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## လေထုညစ်ညမ်းမှုမရှိစေရေး မီးခိုးမြူငွေ့များ မဖြစ်ပေါ်စေရေး တစ်ဦးချင်းစီက ပါဝင်ဆောင်ရွက်ရန်လို

သဘာဝပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုမရှိစေရေးအတွက် မီးခိုးမြူငွေ့များ မဖြစ်ပေါ်စေရန် အများပြည်သူ တစ်ဦးချင်းစီက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

ပေါ့ဆမီး၊ တောမီးနှင့် အခြားအကြောင်းအမျိုးမျိုးဖြင့် မီးလောင်ကျွမ်းရာမှ မီးခိုးမြူငွေ့များ ထွက်ပေါ်လာကာ ဂေဟာစနစ်၊ ရာသီဥတုနှင့် လူသားတို့၏ ကျန်းမာရေးထိခိုက်မှု မရှိစေရန် ကာကွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။

"ပွင့်လင်းရာသီဖြစ်တဲ့ ဖေဖော်ဝါရီနဲ့ မေလအတွင်းမှာ မတော်တဆမီး၊ တောမီးနဲ့ အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းရာက မီးခိုးမြူငွေ့တွေ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ဖို့မှာ အများပြည်သူ တစ်ဦးချင်းစီက ပူးပေါင်းကူညီကြဖို့လိုပါတယ်။ မီးခိုးမြူငွေ့ဆိုတာက အခိုးအငွေ့တွေ၊ ဖုန်မှုန့်တွေ၊ ရေခိုးရေငွေ့တွေနဲ့ အခြားအငွေ့ပျံစေနိုင်တဲ့အရာတွေက လေထုထဲမှာ ပေါင်းစပ်ဖြစ်ပေါ်လာတာကို ခေါ်တယ်"ဟု ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။



လူဦးရေတိုးပွားလာခြင်း၊ မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှုခံစားနေရကြောင်း၊ မြန်မာနိုင်ငံတွင် မီးလောင်မှုဖြစ်ပွားရခြင်း၏ ၉၅ ရာခိုင်နှုန်းမှာ လူသားတို့ အပြုအမူကြောင့်ဖြစ်ပြီး မီးခိုးမြူငွေ့ ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"ကာဗွန်မိုနော့ဆိုဒ်၊ အမှုန်အမွှားများ(PM 2.5, PM10)၊ မြေပြင်နှင့် နီးကပ်စွာ တည်ရှိနေတဲ့ အိုဇုန်းဓာတ်ငွေ့များ(Bad Ozone)၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်တွေက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတယ်။ မီးခိုးမြူငွေ့ကင်းစင်ညစ်ညမ်းမှုလျော့ချသွားဖို့ တစ်ဦးတစ်ယောက်ချင်းစီက ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် ၂၀၂၃ ခုနှစ်ကတည်းက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးသဘောတူညီချက်ပါလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**




## ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး (Talk Show) ဆွေးနွေးပွဲ ကျင်းပပြုလုပ်

**မန္တလေး မတ် ၁၁**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေး (Talk Show)ဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre )တွင် ယနေ့နံနက် ၁၁ နာရီက ကျင်းပပြုလုပ်သည်။

အဆိုပါ (Talk Show) ဆွေးနွေးပွဲတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းအရင်းများ၊ နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ လျော့ချနိုင်မှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအကြောင်းအရာများ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မျိုးသူတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ချမ်းမြေ့)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနား ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ





**မန္တလေး မတ် ၁၁**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄လမ်း၊ ၆၄နှင့် ၆၅ လမ်းကြားရှိ တိုင်းဒေသကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။(**အပေါ်ပုံ**)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ နာယကအဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ နှစ်ပတ်လည် ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၏ ၂၀၂၄ ခုနှစ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဥက္ကဋ္ဌထံသို့ မဟာအောင်မြေခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်က အဖွဲ့ဝင်သစ် အဆိုပြုလွှာများပေးအပ်ပြီး တိုင်းဥက္ကဋ္ဌက ခရိုင်အမျိုးသမီးရေးရာအဖွဲ့များထံသို့ ကျန်းမာရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ နံရံကပ်ပိုစတာများ၊ လမ်းညွှန်ချက် လက်စွဲစာအုပ် စုစုပေါင်း(၁၈)မျိုးကို ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ခရိုင်အလိုက် အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ၂၀၂၅ ခုနှစ် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် လွှမ်းခြုံမှာ အကောင်းဆုံး ပထမဆုကို ရရှိခဲ့ကြောင်း သိရသည်။ (၀၉၃)

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စာစစ်ဌာန(၄)ခု၌ ကျောင်းသား၊ ကျောင်းသူ ၆၆၂ ဦး ဝင်ရောက်ဖြေဆိုမည်

**ပင်းတယ မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စာစစ်ဌာန ၄ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၆၆၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း ပင်းတယမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပင်းတယမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်း (ကြိုသက်)ကျောင်း၊ ကျုံးအခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ပေါ်ကြီးအခြေခံပညာ အထက်တန်းကျောင်း စသည့် စာစစ်ဌာန(၄)ခု၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာတွဲအလိုက် ဝင်ရောက်ဖြေဆိုမည့်စာရင်းအလိုက် Grade-12 ကျောင်းသား ၂၅၉ ဦးနှင့် ကျောင်းသူ ၄၀၃ ဦး စုစုပေါင်း ၆၆၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

အဆိုပါ ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ကြစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်ထံက သိရသည်။

(၃၃၈)

၀-၀-၀-၀-၀

၀-၀-၀

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၁

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် H.E . Mr. Pranav . Ganesh နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ မလေးရှားသံရုံး တာဝန်ခံ Mr. Johan Ariff Abdul Razak နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေး နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၄၄၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# Advocacy Meeting for School Based TBACF
## ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်း အသိပေးရှင်းလင်း



**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အတွင်း ခရိုင်၊ မြို့နယ်များရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါ ရှိ၊ မရှိ ကွင်းဆင်းရှာဖွေကုသပေးခြင်း လုပ်ငန်းအတွက် Advocacy Meeting for School Based TB ACF ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့်ကွင်းဆင်းရှာဖွေခြင်း အသိပေးရှင်းလင်းပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တီဘီ၊အနာကြီးရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်ထွန်းက ကျောင်းအခြေပြု တီဘီရောဂါအရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ ဝင်းနိုင်၊ တီဘီရောဂါဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံချက်ဝင် မြို့နယ်များမှ ခရိုင်၊မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ဆက်စပ်ဌာနများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

*-*-*-*-*-*-*

# သတ္တမအကြိမ်မြောက် A.G.T.I ဒီပလိုမာအပ်နှင်းသည့်အခမ်းအနား ကျင်းပ



**ပုတာအို မတ် ၁၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ပုတာအို)၏ သတ္တမအကြိမ်မြောက် A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကချင်ပြည်နယ်၊ပုတာအိုမြို့၊ ဒုတ္တန်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ပုတာအို) ခန်းမ၌ ကျင်းပသည်။

A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားကို အပိုင်း(၅)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီး အပိုင်း(၁)တွင် A.G.T.I ဒီပလိုမာအပ်နှင်းရန် စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့က ပြဋ္ဌာန်းခြင်း၊ အပိုင်း(၂)တွင် စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်ပုဂ္ဂိုလ်များ နေရာယူခြင်း၊ အပိုင်း(၃)တွင် သက်ဆိုင်ရာ ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းခြင်း၊ အပိုင်း(၄)တွင် ကျောင်းအုပ်ဆရာကြီးမှ မိန့်ခွန်းမြွက်ကြားခြင်းနှင့် အပိုင်း(၅)တွင် A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားကို ရုပ်သိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ A.G.T.I ဒီပလိုမာအပ်နှင်းသည့် အခမ်းအနားတွင် A.G.T.I ဒီပလိုမာများဖြစ်သည့် မြို့ပြအင်ဂျင်နီယာခုနစ်ဦး၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ကိုးဦး၊ စက်မှုအင်ဂျင်နီယာ ခုနစ်ဦး၊ မြို့ပြအင်ဂျင်နီယာ အဝေးရောက်တစ်ဦးနှင့် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ အဝေးရောက်နှစ်ဦးတို့ကို အပ်နှင်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များ၊ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ပုတာအို)ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်သန့်နှင့် ကျောင်းစီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ A.G.T.I ဒီပလိုမာ အပ်နှင်းခံရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**တောင်တွင်းကြီး မတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲများကို မတ် ၁၀ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းအရင်းများ၊ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာ ကာကွယ်တားဆီးရန်၊ ဥပဒေအရ တရားဝင် လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်များ လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်စသည့် ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(မိဿနိုးမြေ)

# ခရမ်းချဉ်သီး အသစ်ဝင် ဈေးကွက်အေးနေ

**ရေနံချောင်း မတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကိုင်းမြေ၌ စိုက်သည့် ခရမ်းချဉ်သီးများလှိုင်လှိုင်ပေါ်သည့်ကာလနှင့် အမြို့မြို့ အနယ်နယ်က ဝင်ရောက်သည့် ခရမ်းချဉ်သီးအသစ်များ အဝင်များနေရာ ခရမ်းချဉ်သီးဈေးအေးနေသည်။

ယခုတစ်ပတ်တွင် တိုင်ထောင်သီးနှင့် မြေပြင်မှာ တိုင်မထောင်ဘဲ တန်းခြားစနစ်နှင့် စိုက်သည့် ခရမ်းချဉ်သီးများ လှိုင်လှိုင်ပေါ်နေသည့်အပြင် တစ်နှစ်လုံး တင်ပို့နေသည့်နယ်သီးများကလည်း ဝင်ရောက်နေ၍ ဈေးကျနေကြောင်း ရောင်းဝယ်သူ အမျိုးသမီးတစ်ဦးထံက သိရသည်။

ဈေးကွက်တွင် မြို့မဈေးနှင့် ဈေးပတ်ဝန်းကျင်နှင့် ကုန်သည်လမ်းတို့တွင် ခရမ်းချဉ်သီးကို တောင်ပုံရာပုံ ရောင်းချနေပြီး ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၊ ၁၀၀၀ ရောင်းရပြီး အရောင်းအဝယ်ကောင်းမွန်နေသည်။

ရေနံချောင်းမြို့နယ်တွင် ခရမ်းချဉ်သီးကို ဘူးကျွန်းကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စု၊ ဖောင်းကတောကျေးရွာအုပ်စုများရှိ ကျေးရွာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။ (အောက်ပုံ)(၄၇၂)



# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ငါးများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ကျွန်လုံးဥသျှောင်ရပ်ကွက် ၈၃လမ်းနှင့် ၈၄ လမ်းကြား ဘုရားတောင်ဘက်မုခ်လမ်းမကြီးပေါ်တွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ယနေ့ရောင်းချပြီးလျှင် အစိုးရရုံးပိတ်ရက်များအတွင်း ရောင်းချပေးမှုကို ခတ္တရပ်နားသွားမည်ဖြစ်ပြီး မတ် ၁၇ ရက် တနင်္လာနေ့တွင် ပုံမှန်အတိုင်း ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၈)

## ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံအကြားတွင် သဘောတူညီချက်များ လက်မှတ်ရေးထိုးရန် မျှော်လင့်ထား



**ဟနွိုင်း မတ် ၁၁**

ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကုန်သွယ်ရေးနှင့်စွမ်းအင်ဝန်ကြီး ယမန်နေ့က တွေ့ဆုံပြီးနောက် ယခုအပတ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နှင့် အမေရိကန် ကိုယ်စားလှယ်များအကြား ထရမ့် အုပ်ချုပ်ရေးအစိုးရ၏ ကုန်သွယ်ခွန်များ မတက်စေရန် ရက်သတ္တပတ်များစွာ ပြုလုပ်ခဲ့သော ဆွေးနွေးညှိနှိုင်းမှုများမှ ပေါ်ထွက်လာသော ရလဒ်ပင်ဖြစ်သည်။

ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ကုန်သွယ်ရေးဝန်ကြီး ငုယင်ဟောင်တိန်း အမေရိကန်သို့ သွားရောက်မည့် ခရီးစဉ်၏ အစီအစဉ်များကို ဖော်ပြထားသည်။

ထို့ပြင် ယင်းအစီရင်ခံစာတွင် စွမ်းအင်ကုမ္ပဏီများနှင့် အကောက်ခွန်မှ အခွန်အထိ အစိုးရဌာနများအား ကိုယ်စားလှယ်များစေလွှတ်ရန် တောင်းဆိုထားသည်ကိုလည်း တွေ့ရသည်။

ယခင်အပတ်က ဗီယက်နမ်အစိုးရသည် ဝန်ကြီး တိန်း မတ် ၁၃ ရက်တွင် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျေမီဆန် ဂရီးယားနှင့် တွေ့ဆုံရန် အမေရိကန်သို့သွားရောက်မည်ဟု ကြေညာခဲ့ကြောင်း သိရသည်။ **Mon**






## စွမ်းအားမြင့် မက်ဂနက်တိုပလာစမာ အာကာသအင်ဂျင်စက် တရုတ်သုတေသနအဖွဲ့ တစ်ဖွဲ့ စမ်းသပ်လည်ပတ်နိုင်ခဲ့

**ပေကျင်း မတ် ၁၁**

တရုတ်သုတေသနအဖွဲ့တစ်ဖွဲ့က မတ် ၁၀ ရက်တွင် အာကာသယာဉ် အင်ဂျင်စက်တစ်မျိုးကို အပြည့်အဝစွမ်းအားဖြင့် စမ်းသပ်လည်ပတ်နိုင်ခဲ့သည်ဟု အတည်ပြုကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၄င်းတို့စမ်းသပ်ခဲ့သော ကီလိုဝပ် ၁၀၀ စွမ်းအားမြင့် မက်ဂနက်တိုပလာစမာ အာကာသအင်ဂျင်စက်သည် အနာဂတ်အာကာသခရီးသွားလာမှုအတွက် လမ်းခင်းပေးနိုင်ရန် အသင့်ရှိနေပြီး ကြယ်တာရာခရီးများ၊ ဂြိုဟ်တုခရီးသွားလာမှုများနှင့် အာကာသအတွင်းပိုင်း စူးစမ်းလေ့လာမှုများတွင် အသုံးပြုနိုင်မည်ဟု ဆိုသည်။

ယင်းအင်ဂျင်သည် ပလာစမာ မောင်းနှင်စနစ်တစ်ခုဖြစ်ရာ မောင်းနှင်ဆီကို အိုင်းယွန်းဖြင့် ပြုလုပ်ပြီး ပလာစမာဖန်တီးကာ လျှပ်စစ်သံလိုက်စက်ကွင်းဖြင့် အရှိန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ပေကျင်းရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများတွင် မှတ်ဉာဏ်တုနည်းပညာကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းမည်

**ပေကျင်း မတ် ၁၁**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများတွင် လာမည့် စက်တင်ဘာလမှစတင်၍ မှတ်ဉာဏ်တုနည်းပညာသင်တန်းများနှင့် သင်ကြားနည်းစနစ်များကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်ပညာရေးအာဏာပိုင်များက ၄င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်တွင် မတ် ၇ ရက်က ယင်းသင်ရိုးညွှန်းတမ်းအကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းများအနေဖြင့် မှတ်ဉာဏ်တုသင်တန်းများကို စူးစမ်းရှာဖွေပြီး သင်ပြသွားမည်ဖြစ်သည့်အပြင် လာမည့် ဆောင်းရာသီ ကျောင်းဖွင့်ချိန်တွင် မှတ်ဉာဏ်တုနည်းပညာကို ကျောင်းပြီးဝန်ဆောင်မှုများ၊ အသင်းအဖွဲ့လှုပ်ရှားမှုများ၊ သုတေသနနှင့် အခြားပညာရေးစနစ်များတွင်လည်း ပေါင်းစပ်ထည့်သွင်းသွားမည်ဟု ဆိုသည်။

ထို့ပြင် ၄င်းတို့အနေဖြင့် ထိပ်တန်းမှတ်ဉာဏ်တုလုပ်ငန်းများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းအသစ်များနှင့် လုပ်ငန်းအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ နည်းပညာဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်သွားမည်။

မှတ်ဉာဏ်တုကိရိယာများကို အနာဂတ်စာသင်ခန်း၏ မြင်ကွင်းသစ်များ စူးစမ်းရှာဖွေရာတွင် အသုံးပြုသွားစေမည်ဖြစ်ပြီး မှတ်ဉာဏ်တုကို သင်ကြားနည်းစနစ်များတွင် ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



## အင်ဒိုနီးရှားနိုင်ငံ၏ လျှပ်စစ်ကားရောင်းချမှုပမာဏ ဖေဖော်ဝါရီလတွင် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာ

**ဂျကာတာ မတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံ၏ လျှပ်စစ်ကားရောင်းချမှုပမာဏသည် ဖေဖော်ဝါရီလတွင် ယမန်နှစ်ကထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု အင်ဒိုနီးရှားကားအသင်းချုပ်၏ မှတ်တမ်းများတွင် ဖော်ပြကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ ပထမဆုံးအကြိမ် မှတ်တမ်းတင်နိုင်ခဲ့သော တိုးတက်မှုဖြစ်ပြီး တရုတ်နိုင်ငံလုပ် ကားအမှတ်တံဆိပ်များ၏ ဦးဆောင်မှုဖြင့် လျှပ်စစ်ကားများ ပိုမိုအရောင်းတွင်ကျယ်လာခဲ့ခြင်း ဖြစ်သည်။

အာရှတောင်ပိုင်းဒေသ၏ အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သော အင်ဒိုနီးရှားတွင် ကားရောင်းချမှုများသည် ဖောက်သည်များ၏ ဝယ်လိုအား အားနည်းခြင်းနှင့် ယခင်နှစ်က ကျင်းပခဲ့သော အမျိုးသားရွေးကောက်ပွဲကာလအတွင်း ကားဝယ်ယူမှုများကို ရွှေ့ဆိုင်းလိုကြခြင်းတို့ကြောင့် လတ်တလောတွင်မူ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်း အသင်းချုပ်အရာရှိများက ထုတ်ဖော်ပြောကြားသည်။

သို့ရာတွင် လျှပ်စစ်ကားများ၌ ဈေးနှုန်းသက်သာသော ရွေးချယ်စရာများနှင့် စီးပွားရေးအခြေအနေများ တိုးတက်လာခြင်းတို့ကို အရောင်းတိုးမြင့်မှု၏ အဓိက မောင်းနှင်အားများအဖြစ် မြင်တွေ့ရကြောင်း အင်ဒိုနီးရှားမော်တော်ကားလုပ်ငန်းအသင်းချုပ် ဉက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသော လျှပ်စစ်ကားထုတ်လုပ်သူများအတွက် များပြားလှသော မက်လုံးများရှိရာ လွန်ခဲ့သောနှစ်များအတွင်း တရုတ်လျှပ်စစ်ကားအမှတ်တံဆိပ်များစွာ အင်ဒိုနီးရှားဈေးကွက်ထဲသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**




## အိန္ဒိယလူဦးရေ သန်းတစ်ထောင့်လေးရာအနက် ၁၀ ရာခိုင်နှုန်းသာ အပိုသုံးနိုင်သည့်ငွေ လုံလောက်

**ဒေလီ မတ် ၁၁**

အိန္ဒိယနိုင်ငံတွင် လူဦးရေ သန်းတစ်ထောင့်လေးရာနေထိုင်ကြသည့်အနက် သန်းတစ်ထောင်ခန့်သည် အပိုပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် သုံးစွဲနိုင်သည့်ငွေကြေး မလုံလောက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လူဦးရေ သန်း ၃၀၀ မှာမူ ရည်မှန်းချက်အလွှာအဖြစ် ဖော်ပြထားသည့်အုပ်စုတွင် ပါဝင်ပြီး ၄င်းတို့၏ဝင်ငွေကို အဝတ်အစားကဲ့သို့သော ဝယ်ယူမှုများအတွက် အဓိကသုံးစွဲနေကြောင်း စစ်တမ်းတွင် ရည်ညွှန်းထားသည်။

အိန္ဒိယတွင် သုံးစွဲသည့်အလွှာကို ဖွဲ့စည်းထားသည့်လူဦးရေမှာ သန်း ၁၄၀ ရှိပြီး လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသာ အပိုသုံးစွဲနိုင်သည့် ဝင်ငွေလုံလောက်စွာရှိကြောင်း သိရသည်။ **Mon**

## အမေရိကန်ပြည်ထောင်စုရှိ ဝေါလ်စထရိ အစုရှယ်ယာဈေးကွက်၌ ဈေးနှုန်းများ ရုတ်တရက်ကျဆင်းခဲ့သဖြင့် စိုးရိမ်စရာဖြစ်ခဲ့ရ

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်ပြည်ထောင်စုရှိ ဝေါလ်စထရိ အစုရှယ်ယာဈေးကွက်သည် မတ် ၁၀ ရက်တွင် ရုတ်တရက်ကျဆင်းသွားခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများသည် သမ္မတဒေါ်နယ်လ်ထရမ့်၏ အကောက်ခွန်မူဝါဒနှင့်ပတ်သက်သည့် မရေရာမှုများကြောင့် စီးပွားရေးကျဆင်းမှုထဲသို့ ရောက်ရှိသွားမည်ကို စိုးရိမ်နေကြကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ်တွင် စီးပွားရေးကျဆင်းမှုဖြစ်နိုင်ခြေ မရှိဟု ထရမ့် ငြင်းဆန်ခဲ့ပြီး ကျွန်တော်တို့လုပ်နေတာက အရမ်းကြီးမားတာကြောင့် အကူးအပြောင်းကာလတစ်ခုရှိလာမယ်၊ ကျွန်တော်တို့ဟာ ချမ်းသာကြွယ်ဝမှုကို အမေရိကန်ပြည်ထောင်စုဆီ ပြန်လည်ယူဆောင်လာနေပါတယ်ဟု ပြောကြားခဲ့သည်။




အဆိုပါဈေးကွက်တွင် နည်းပညာစတော့များ၏ဈေးနှုန်း ရုတ်တရက်ထိုးကျခဲ့ပြီး နည်းပညာကို အဓိကထားသည့် နက်စ်ဒက်ပေါင်းစည်းအညွှန်းကိန်း၏ ၂၀၂၂ ခုနှစ်နောက်ပိုင်း အကြီးမားဆုံး တစ်ရက်အတွင်း ဆုံးရှုံးမှုကို မှတ်တမ်းတင်ခဲ့ရသည်။

နက်စ်ဒက်သည် ၄ ဒသမ ၀ ရာခိုင်နှုန်း ကျဆင်းသွားကာ ၁၇၄၆၈ ဒသမ ၃၂ အထိ ရောက်ရှိသွားခဲ့သည်။

ကျယ်ပြန့်သော အက်စ်အင်န်ပီ အညွှန်းကိန်းသည် ၂ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းကာ ၅၆၁၄ ဒသမ ၅၆ အထိ ရောက်ရှိခဲ့ပြီး ဒေါဂျုန်းစက်မှုလုပ်ငန်းပျမ်းမျှအညွှန်းကိန်းသည် ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းကာ ၄၁၉၁၁ ဒသမ ၇၁ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**



# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - မြန်မာသံတော်ဆင့်နှင့် မောင်မိုးသူအတွေးများ
စာရေးသူ - မောင်မိုးသူ
ထုတ်ဝေသည့်စာပေတိုက် - ဗမာ့သံတော်ဆင့်စာပေ
တန်ဖိုး - ၉၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - ပန်းချီတင်ထွဏ်း၊ သိန်းစိုးမိုး
ထုတ်ဝေသည့်ကာလ - ၂၀၁၇၊ စက်တင်ဘာလ




မြန်မာသံတော်ဆင့်တွင် ဖော်ပြပါရှိခဲ့သော ဆရာ မောင်မိုးသူ၏ ဆောင်းပါးများကို ထုတ်ဝေထားခြင်း ဖြစ်သည်။ ဆောင်းပါး(၄၂)ပုဒ်ကို စုစည်းထားသည်။ ဆရာ မောင်မိုးသူသည် မိုးဦးပန်းစာပေတိုက်ကို တည်ထောင်၍ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဓေယျ၊ ဆရာတက်တိုး၊ ဆရာဒဂုန်တာရာ၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာသိန်းသန်းထွန်း၊ မောင်မိုးသူတို့၏ စာအုပ်များနှင့် တင်မိုး၊ ကြည်အောင်၊ ဘုတလင်ချစ်လေး၊ ကိုလေး(အင်းဝဂုဏ်ရည်)တို့၏ ကဗျာစာအုပ်များ ထုတ်ဝေခဲ့သည်။

ဆရာ မောင်မိုးသူသည် စာရေးသားခြင်းအပြင် 'ရေပွက်ပမာ'၊ 'ရန်ကုန်သားနဲ့မန္တလေးသူ' ဇာတ်ညွှန်းများ ရေးသားခဲ့ပြီး 'မှုန်နံ့သာ'၊ 'ကျော်ကျော်' အစရှိသည့် ရုပ်ရှင်ဇာတ်ကားများကိုလည်း ဒါရိုက်တာတစ်ဦးအနေဖြင့် ရိုက်ကူးတင်ဆက်ခဲ့သည်။

ည(၁၉၆၁)၊ မေမေကြည်(၁၉၆၂)၊ ရန်ကုန်သားနဲ့မန္တလေးသူ(၁၉၆၆)၊ မိုးပိတောက်တို့ ပန်တော်မမှီ(၁၉၆၇) ပင်ကိုဝတ္ထုများ ရေးသားခဲ့ပြီး ဘာသာပြန်ဝတ္ထုများအဖြစ် စိတ္တဇ(၁၉၆၅)မှစ၍ ဘာသာပြန်ဝတ္ထုစာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။

ကလျာမဂ္ဂဇင်းတွင် 'ခေတ်မှီမှီ ကမ္ဘာကြည့်ကြည့်မြင်'၊ သရဖူမဂ္ဂဇင်းတွင် 'လွမ်းတော်မူဖို့ စာကိုစီတယ်' ဆောင်းပါးများရေးခဲ့ပြီး ဓနမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ မော်ဒန်ဂျာနယ်၊ ကုမုဒြာဂျာနယ်၊ သံတော်ဆင့်ဂျာနယ်တို့တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားသူတစ်ဦးလည်း ဖြစ်သည်။

ယခုစာအုပ်မှာ ဆရာမောင်မိုးသူ၏အတွေးများအဖြစ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းကို လေ့လာအကဲခတ်ခွင့်ရမည့် စာအုပ်ဖြစ်ပြီး မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

စာအုပ်အမည် - မိဘမေတ္တာမဂ္ဂဇင်း အမှတ်(၂)
စာရေးသူ - ကလောင်စုံ
ထုတ်ဝေသည့်စာပေတိုက် - ငဝန်အနုပညာရပ်ဝန်း(မန္တလေး)
တန်ဖိုး - ၃၀၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - ပန်းချီကျော်မြူစံ၊ မြင့်လွင်ဦး
ထုတ်ဝေသည့်ကာလ - ၂၀၂၅၊ ဇန်နဝါရီလ



ငဝန်အနုပညာရပ်ဝန်းမှ စီစဉ်တင်ဆက်ပြီး တစ်နှစ်လျှင်တစ်ကြိမ် ထုတ်ဝေသော အမေနေ့ အထိမ်းအမှတ်အဖြစ် ထွက်ရှိသည့် မဂ္ဂဇင်းဖြစ်သည်။ ယခုအကြိမ်သည် ဒုတိယမြောက် အမှတ်(၂)အဖြစ် ထွက်ရှိလာသော မဂ္ဂဇင်းလည်း ဖြစ်သည်။ အယ်ဒီတာချုပ် မိုးသျှန်း၊တာဝန်ခံအယ်ဒီတာ နေရစ်သော်(ဟသ်ာတ)တို့ဖြစ်ပြီး နယ်ပယ်စုံမှ စာရေးဆရာ၊ ကဗျာဆရာများ၏ စာမူများပါရှိသည်။ မဂ္ဂဇင်းဖတ်ချင်သူများ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - အမှောင်ဖုံးသည့် ထိုတစ်ညနှင့် စိတ်လှုပ်ရှားဖွယ်ဝတ္ထုတိုများ
စာရေးသူ - ကဘော်မြေမောင်မောင်
ထုတ်ဝေသည့်စာပေတိုက် - မိုးနှင့်မြေစာပေ(မန္တလေး)
တန်ဖိုး - ၁၀၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - မျိုးမင်းမြတ်
ထုတ်ဝေသည့်ကာလ - ၂၀၂၃၊ အောက်တိုဘာလ




First Thrills မူရင်းစာအုပ်ရှိ ဝတ္ထုတို(၂၅)ပုဒ်ထဲမှ ဝတ္ထုတို(၉)ပုဒ်ကို ဘာသာပြန်ထားသည့် စာအုပ်ဖြစ်ပြီး သည်းထိတ်ရင်ဖိုဇာတ်လမ်း ကြိုက်နှစ်သက်သူများ နှစ်သက်သဘောကျမည့် ဘာသာပြန်စာအုပ်ကောင်းဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။



## စာသုံးသူကာကွယ်ရေး အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စားသုံးသူကာကွယ်ရေး အသိပညာပေး၊ Talk Show ဆွေးနွေးပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်/ဆက်ရုံးရှိ (Community Centre) ခန်းမတွင် ကျင်းပသည်။

အဆိုပါ Talk Show ဆွေးနွေးပွဲတွင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနိုင်နှင့် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ပပနိုင်တို့က စားသုံးသူကာကွယ်ရေး၏အဓိပ္ပာယ်၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူများ၏ တာဝန်များ၊ စီးပွားရေး လုပ်ငန်းများ၏ အဓိပ္ပာယ်၊စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(PNT)

*-*-*-*-*

*-*-*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ခေတ်

## ဥဩ

* တစ်နှစ်ပတ်လုံးခရီးထွက်
တောင်ပြန်လေက ဖုန်းဆက်လိုက်မှ
ကသုတ်ကရက် ရောက်လာကာ
ရွက်ဝါတွေ ကြွေကျ
နေခတဲ့ သစ်ခြောက်ပင်ပေါ်မှာ
နွေဦးရဲ့ ဖွားဖက်တော်
တစ်ကိုယ်တည်း အဖော်မပါ
နွေရောက်ကြောင်း ကြော်ငြာဝင်နေ ။

* နွေရဲ့သဘာဝ
နေမင်းက ပူပြင်းလှ
အဲဒီ နေပူ သူမကြောက်
သစ်ခြောက်ပင်ပေါ် နားခိုကာ
သူ့နာမည်ကို ထုတ်ဖော်ပြော
ဥဩ ဥဩ ဥဩ ။

* "မျက်နှာမြင် ချစ်ခင်ပါစေ"
ဆုတောင်းမပြည့်ရှာ
ရုပ်ကြ အနက်န အရောင်မွဲ
အသားမည်းလည်း အသည်းဖြူစင်ပေ ။

* "အသံကြား သနားပါစေ"
ဆုတောင်းပြည့်ဝ
ကြားရသူတိုင်း သနားကြ
ဝေးနေရသူတွေ
အတွေးပိုကြ
မုန်းဆ တမ်းတ
လွမ်းရ လှိုက်ဖိုမော
သံချိုနှောတဲ့
ဥဩရဲ့ အသံစွမ်းအင်
လွမ်းတတ်သူတို့ ရင်ကို ရိုက်ခတ်စေ ။ ။

**မိုးထက်ကို (အမရပူရ)**



# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊

## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၀၂/၂၀၂၅-၂၀၂၆) (၁၂-၀၃-၂၀၂၅)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် ကျောက်ဆည်မြို့နယ်၊ တောင်တော်ကွင်း၊ ကျားခေါင်းဘိလပ်မြေစက်ရုံအတွင်းရှိ မော်တော်ယာဉ်များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | | |
|---|---|---|
| အိတ်ဖွင့်လေလံရောင်းချမည့်နေ့ရက် | - | (၂၅-၀၃-၂၀၂၅) (အင်္ဂါနေ့) |
| အိတ်ဖွင့်လေလံရောင်းချမည့်အချိန် | - | နံနက် ၁၀း၀၀ နာရီ |
| အိတ်ဖွင့်လေလံရောင်းချမည့်နေရာ | - | ကျားခေါင်းဘိလပ်မြေစက်ရုံ၊ တောင်တော်ကွင်း၊ ကျောက်ဆည်မြို့။ |

(ခ) အိတ်ဖွင့်လေလံရောင်းချမည့်ပစ္စည်းများမှာ ပူးတွဲပါအတိုင်း ဖြစ်ပါသည်။

| Sr. | Plate No. | Make & Model | Model Year | Vehicle Type | Color | "Use Character" | Minimum Bid Price (MMK) |
|---|---|---|---|---|---|---|---|
| 1 | 2C/6737 | NISSAN DIESEL CK551B | 2003 | TRACTOR HEAD(4x2)® | GREEN/ORANGE/ WHITE | Hired | 106,200,000 |
| 2 | 2C/7316 | NISSAN DIESEL CG45CW | 1998 | TRUCK(8x4)® (T/S) | WHITE/BLUE | Hired | 88,650,000 |
| 3 | 5E/1037 | DONG FENG DFL4251AB | 2012 | TRACTOR HEAD(6x4)(L) | WHITE | Hired | 93,600,000 |
| 4 | 6G/2671 | NISSAN DIESEL CG48ZW | 2000 | TRUCK(8x4)® (T/S) | WHITE/BLUE | Hired | 103,500,000 |
| 5 | 9B/6770 | NISSAN DIESEL CW631G | 1996 | TRACTOR HEAD(6x4)(R) | GREEN | Hired | 67,500,000 |
| 6 | 4G/8774 | MITSUBISHI CANTER FE63EEV | 2000 | TRUCK(4x2)® | WHITE/GRAY | Hired | 54,000,000 |
| 7 | 6Q/8009 | CHACMAN 3GS42Y16E4401 | 2018 | DUMP TRUCK (4x2)(L) | RED | Hired | 66,600,000 |
| 8 | 3C/4470 | NISSAN DIESEL CD48YN | 2003 | TRUCK WITH CRANE (6x2) ® | WHITE/GRAY | Hired | 72,000,000 |
| 9 | 7F/4004 | FORD RANGER | 2013 | PICKUP (4x4) (L) | GRAY | Private | 15,300,000 |

၂။ အိတ်ဖွင့်လေလံတင်သွင်းခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံလျှင် ကျပ် (၁၀,၀၀၀/-)နှုန်းဖြင့် UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ သမာဓိအာမခံကြေးငွေ (Earnest Money) ကျပ်(၅,၀၀၀,၀၀၀/-)(ကျပ်သိန်း ငါးဆယ်တိတိ)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၂၃-၀၃-၂၀၂၅)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့ လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့ လည်းကောင်း၊ AYA Bank (0025-Mandalay-003)(Kywae Sac Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့ လည်းကောင်း၊ uab Bank (Mandalay) Pyigyitagon(Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့ လည်းကောင်း၊ လူကိုယ်တိုင် ရုံးချုပ်သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေ့တွင် သမာဓိအာမခံကြေးငွေပေးသွင်းသူ ကိုယ်တိုင်တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စား လွှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၅။ အိတ်ဖွင့်လေလံပစ်မည့်ပစ္စည်းများကို (၁၇-၀၃-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း ကျောက်ဆည်(တောင်တော်ကွင်း)၊ ကျားခေါင်းဘိလပ်မြေစက်ရုံတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117,09-758211118,09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်၊

## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(ဝ၁/၂၀၂၅-၂၀၂၆) (၁၂-ဝ၃-၂၀၂၅)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ရှိ မော်တော်ယာဉ်များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့်လေလံရောင်းချမည့် နေ့ရက် - (၂၄-၀၃-၂၀၂၅) (တနင်္လာနေ့)

အိတ်ဖွင့်လေလံရောင်းချမည့် အချိန် - နံနက် ၁၀း၀၀ နာရီ

အိတ်ဖွင့်လေလံရောင်းချမည့် နေရာ - အမှတ်(သ- ၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

(ခ) အိတ်ဖွင့်လေလံရောင်းချမည့်ပစ္စည်းများမှာ ပူးတွဲပါအတိုင်း ဖြစ်ပါသည်။

| Sr. | Plate No. | Make & Model | Model Year | Vehicle Type | Color | "Use Character" | Minimum Bid Price (MMK) |
|---|---|---|---|---|---|---|---|
| 1 | 1K/9682 | NISSAN AD VAN | 2009 | STATION WAGON (4x2) ® | WHITE | Private | 41,850,000 |
| 2 | 6K/7328 | NISSAN AD VAN | 2010 | STATION WAGON (4x2) ® | WHITE/BLUE/RED | Private | 40,500,000 |
| 3 | 1K/9706 | NISSAN WINGROAD Y12 | 2009 | STATION WAGON (4x2) ® | WHITE | Private | 49,500,000 |
| 4 | 9D/6059 | MITSUBISHI PAJERO V78 | 2000 | STATION WAGON (4x4) ® | GRAY | Private | 42,300,000 |
| 5 | 8G/3736 | DAGON TAWWIN L/T (DR-8) | 2009 | PICKUP (4x2) (R) | WHITE | Private | 22,500,000 |
| 6 | 8I/1220 | SHWE KYAIR MPV (SK-MPV-02) | 2010 | MICRO BUS (4x2) ®(MPV) | GRAY | Private | 31,500,000 |

၂။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက် (၁)စုံလျှင် ကျပ်(၁၀,၀၀၀/-)နှုန်းဖြင့် UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ သမာဓိအာမခံကြေးငွေ (Earnest Money) ကျပ် (၃,၀၀၀,၀၀၀/-) (ကျပ်သိန်း သုံးဆယ်တိတိ)အား အိတ်ဖွင့်လေလံ ကျင်းပရေးကော်မတီ၊ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၂၃-၀၃-၂၀၂၅)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA Bank (0025-Mandalay-003) (Kywae Sac Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ uab Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း၊ (သို့မဟုတ်) လူကိုယ်တိုင် ရုံးချုပ်သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေ့တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ (သို့မဟုတ်) တရားဝင်ကိုယ်စားလှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၅။ အိတ်ဖွင့်လေလံပစ်မည့်ပစ္စည်းများကို (၁၇-၀၃-၂၀၂၅)မှ စတင်၍ ရုံးချိန်အတွင်း အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117 , 09-758211118 , 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...

❖ ၎င်းတို့ယာယီအားဖြင့်ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

## ပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်းမကြည့်ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွားကြရန် လိုအပ်

နေပြည်တော် မတ် ၁၁

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ၊

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## VAR Implementation Workshop ပြုလုပ်



ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဒိုင်ကော်မတီဌာနမှ ဖွင့်လှစ်သည့် Workshop for VAR Implementation အလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် မတ် ၁၀ ရက်မှ ၁၂ ရက်ထိ ပြုလုပ်လျက်ရှိသည်။

အဆိုပါ Workshop for VAR Implementation အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် မတ် ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ ဒိုင်ဌာနတာဝန်ခံ ဦးလှမင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ Referee development officer Mr.Mohamad Rodzali Yacob နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ Referee development officer Mr.Mohamad Rodzali Yacob က ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ စုပေါင်းဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(NGB)

0-0-0-0-0